ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

## ၂၀၁၉ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် အသိပေးကြေညာခြင်း

**(၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်တွင်းပြည်ပရှိ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ်ချီးမြှင့်အပ်နှင်းလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍၊ ၂၀၁၉ခုနှစ်၊ သာသနာတော်ဆိုင်ရာ အောက်ဖော်ပြပါဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်ရန် ရွေးချယ်ရေးအဆင့်ဆင့်သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတွင် သီတင်းသုံး/နေထိုင်လျက်ရှိသောရဟန်း၊သံဃာတော်များ၊သီလရှင်များနှင့်လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီး များအနေဖြင့် သတ်မှတ်ပုံစံများအား မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ e-mail: mewdcusa@yahoo.com အား ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အဆိုပါပုံစံများအား ပြည့်စုံစွာဖြည့်စွက်၍ အမည်စာရင်း အခြေပြု ဇယား၊ ထေရုပတ္တိ/အတ္ထုပတ္တိ၊ ထောက်ခံချက်များနှင့်အတူ ရဟန်းတော်များ ဘွဲ့တံဆိပ်တော်အဆိုပြုလွှာတွင် ထိုင်လျက် သင်္ကန်းရုံ(၄ လက်မ x ၆ လက်မ) အရွယ် အဖြူအမည်း ဓါတ်ပုံ(၂)ပုံ နှင့် ကိုယ်တစ်ပိုင်း (၁ လက်မ x ၁.၂၅ လက်မ) အရွယ် ရောင်စုံဓါတ်ပုံ (၄)ပုံ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ ဘွဲ့တံဆိပ်အဆိုပြုလွှာတွင် (၄ လက်မ x ၆ လက်မ) အရွယ် အဖြူအမည်း ဓါတ်ပုံ(၂)ပုံ တို့ပါဝင်သည့် ဘွဲ့တံဆိပ်အဆိုပြုလွှာ (Hard Copy)(၂)စုံစီကို (Font Myanmar-3, Font Size-13, soft copy) (၁)စုံစီပူးတွဲ၍ မြန်မာသံရုံး၊ ဝါရှင်တန်သို့ **၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထား ပေးပို့ပါရန်** မေတ္တာရပ်ခံအပ်ပါသည် -

(၁) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
(၂) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
(၃) မဟာသဒ္ဓမ္မဇောတိကဓဇ
(၄) သဒ္ဓမ္မဇောတိကဓဇ
(၅) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
(၆) မဟာကမ္မဋ္ဌာနာစရိယ
(၇) ကမ္မဋ္ဌာနာစရိယ
(၈) သာသနာနုဂ္ဂဟ

၃။ အထက်ပါဘွဲ့တံဆိပ်တော် အဆိုပြုလွှာများကိုပေးပို့ရာတွင် ဝါရှင်တန်မြို့၊ မြန်မာသံရုံးမှ တာဝန် ယူထားသော ကောင်စစ်နယ်မြေများ(**Capital:** Washington D.C, **States:** Alabama, Arkansas, Colorado, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Marine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming, **Inhabited territories:** Puerto Rico, U.S. Virgin Islands)တွင် သီတင်းသုံး/နေထိုင်ကြသော ရဟန်း၊ ရှင်၊ လူများအနေဖြင့် ဝါရှင်တန်မြို့၊ မြန်မာသံရုံးသို့ ပေးပို့နိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့